Japan International Cooperation Agency

# PRESS RELEASE

**JICA မှ မြန်မာနိုင်ငံအတွက် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (SME) များ COVID-19 ကပ်ရောဂါကြောင့် ဆုံးရှုံးထိခိုက်မှုများမှ ပြန်လည်နာလန်ထူနိုင်ရန်အတွက် ထောက်ပံ့ပေးနိုင်ရန် အတိုးလျှော့ချေးငွေ ဂျပန်ယန်း သန်းပေါင်း ၄၃,၀၀၀ ဖြင့် ထောက်ပံ့ပေးသွားမည်**

၂၀၂၀ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် Japan International Cooperation Agency (JICA) သည် အောက်ဖော်ပြပါ စီမံကိန်း နှစ်ခုအတွက် Japanese ODA ချေးငွေအဖြစ် ဂျပန်ယန်း ၄၂,၇၇၉ သန်း ထောက်ပံ့ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ (GOM) နှင့် ချေးငွေစာချုပ်များ (Loan Agreement) ချုပ်ဆိုခဲ့ပါသည်။

၁) အရှေ့-အနောက် စီးပွားရေးစင်္ကြန် အဝေးပြေးလမ်း တည်ဆောက်မှုစီမံကိန်း (ပဲခူး-ကျိုက်ထို အဝေးပြေးလမ်းပိုင်းသစ်)

JICA သည် မြန်မာနိုင်ငံ အစိုးရအား အရှေ့-အနောက် စီးပွားရေးစင်္ကြန် အဝေးပြေးလမ်း ဆောက်လုပ်ရေးစီမံကိန်း (ပဲခူး-ကျိုက်ထို အဝေးပြေးလမ်းပိုင်းသစ်) အား အကောင်အထည်ဖော်ရန် အတွက် သက်သာသောချေးငွေ ဂျပန်ယန်း ၂၇,၇၇၉ သန်း (အမေရိကန်ဒေါ်လာ သန်း ၂၆၀ ခန့်) ကို အာရှဖွံ့ဖြိုးမှုဘဏ် (ADB) မှ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည့် မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေးစင်္ကြန် အဝေးပြေးလမ်း ဆောက်လုပ်ရေးစီမံကိန်း နှင့် အတူတကွ ပူးတွဲ ဆောင်ရွက်စေသည့် ပုံစံဖြင့် ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ ဤစီမံကိန်းအရ စစ်တောင်းမြစ်ကို ဖြတ်ကျော်၍

တံတားအသစ်တစ်စင်း ဆောက်လုပ်ခြင်းနှင့် အရှေ့-အနောက် စီးပွားရေး စင်္ကြံပေါ်ရှိ တံတားများ ထိန်းသိမ်းပြင်ဆင်မှုအခြေအနေ မြှင့်တင်ပေးရန်အတွက် တွဲဖက်အဆောက်အဦများကို အဆင့်မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။ ဤစီမံကိန်းသည် ၎င်းအရေးကြီး စီးပွားရေးစင်္ကြံအတွက် မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ အားသာချက်ကို အပြည့်အဝ အသုံးချနိုင်ရန် ကူညီပေးမည်ဖြစ်ပြီး တစ်နိုင်ငံလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ကျဉ်းလာမည်ဖြစ်သည်။ ထို့ပြင် စင်္ကြံတစ်လျှောက်တွင်ရှိသည့် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်များတွင် စီးပွားရေးလုပ်ဆောင်ချက်များ တိုးပွားလာမည်ဟု မျှော်မှန်းထားပြီး ငြိမ်းချမ်းရေးနှင့် စီးပွားရေး သာယာဝပြောရေးတို့ အပြန်အလှန် ထိန်းညှိတိုးတက်လာမည် ဖြစ်ပါသည်။

၂) အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (တတိယအဆင့်)

“JICA SME နှစ်ဆင့်ချေးငွေ (တတိယအဆင့်)” ဟု လူသိများသော အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (တတိယအဆင့်) သည် SME (အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) များအတွက် ပံ့ပိုးပေးခဲ့သည့် ဂျပန်ယန်း သန်း ၅,၀၀၀ (အမေရိကန်ဒေါ်လာ ၄၇ သန်းခန့်) နှင့် အတိုးလျှော့ချေးငွေအဖြစ် ထောက်ပံ့ပေးခဲ့သော ဂျပန်ယန်း သန်း ၃၀,၀၀၀ (အမေရိကန်ဒေါ်လာ သန်း ၂၈၀ ခန့်) တို့အပြီးတွင် တတိယမြောက် ပံ့ပိုးပေးသွားမည့် COVID 19 အခြေအနေအရ အရေးပေါ် ငွေကြေးထောက်ပံ့မှု ဖြစ်ပါသည်။ စာချုပ်လက်မှတ် ရေးထိုးခဲ့သော စီမံကိန်းအသစ်မှာ တန်ဖိုးစုစုပေါင်း ဂျပန်ယန်း သန်း ၁၅,၀၀၀ ရှိသည့်အတွက် ယခုထောက်ပံ့မှု စုစုပေါင်းတန်ဖိုးမှာ ဂျပန်ယန်း သန်း ၅၀,၀၀၀ (အမေရိကန်ဒေါ်လာ သန်း ၄၇၀ ခန့်) ရှိလာပြီ ဖြစ်ပါသည်။

ထုတ်ပေးသည့် ချေးငွေများကို "ကုန်ကျစရိတ်နည်း" ပြီး "ရက်စေ့ရန် ကြာမြင့်ချိန် အလည်အလတ်မှ ရေရှည်" ငွေထောက်ပံ့မှုမျိုးဖြင့် နိုင်ငံတစ်လွှားရှိ SME များကို ပါဝင်မည့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (PFI) မှတစ်ဆင့် အခြေခံအတိုးနှုန်း ၅.၅ ရာခိုင်နှုန်း (=အနည်းဆုံး စရန်ငွေ + ၀.၅ ရာခိုင်နှုန်း=၂၀၂၀ မေလတွင် ၅.၅ ရာခိုင်နှုန်း)၊ ၁ နှစ်မှ ၅ နှစ် သက်တမ်းဖြင့် ငွေထောက်ပံ့သွားမည် ဖြစ်ပါသည်။ ထို့ပြင် COVID 19 ကြောင့် စီးပွားရေး ထိခိုက်မှုများမှ ချောမွေ့စွာ နာလန်ထူနိုင်ရန် ကူညီပေးရန်အတွက် ငွေသားစီးဆင်းမှုဆိုင်ရာ အကန့်အသတ်များနှင့် ရင်ဆိုင်ရုန်းကန်နေရသည့် SME များအား ငွေကြေးထောက်ပံ့ရန် အထူးလုပ်ဆောင်ချက်အနေဖြင့် စီမံကိန်းအတွက် ကနဦးကာလတွင် လုပ်ငန်းအတွက် ထည့်ဝင်ငွေ အကန့်အသတ်ကို ယာယီဖယ်ရှားပေးသွားမည် ဖြစ်ပါသည်။

အပေါင်ပစ္စည်းနှင့် ပတ်သက်၍ ဖြေလျော့ပေးထားသည့် အခြေအနေ၌ ချေးငွေများအတွက် အကြွေးပေးရန် စိတ်ချရမှု အကဲဖြတ်ခြင်းဆိုင်ရာ စွမ်းရည်များနှင့် ပတ်သက်၍ လေ့ကျင့်မှုများ ကဲ့သို့သော PFI များအတွက် စွမ်းဆောင်ရည် တိုးတက်ရေးဆိုင်ရာ ထောက်ပံ့မှုများကိုလည်း ဤစီမံကိန်းအရ လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့သည် မြန်မာနိုင်ငံတွင် SME များအတွက် ငွေကြေးထောက်ပံ့မှုကဏ္ဍ ရေရှည်တည်တံ့ တိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ မလွှဲမသွေ အားပြုလာနိုင်မည် ဖြစ်သည်။

"ယခုလို ခက်ခဲကြမ်းတမ်းသည့် အခြေအနေများတွင် စာချုပ်ချုပ်ဆိုနိုင်ခဲ့သော စီမံကိန်းနှစ်ခုသည် မြန်မာနိုင်ငံ အားမလျော့ဘဲ နာလန်ထူရေးနှင့် စီးပွားရေး ရေရှည်တည်တံ့စွာ တိုးတက်ရေးအတွက် အခြေခံအဆောက်အဦနှင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးရေး နှစ်ခုစလုံးဖြင့် ထောက်ပံ့ရန် JICA မှ ခိုင်မြဲစွာ အားထုတ်ဆောင်ရွက်မှုကို သရုပ်ပြနေပါသည်" ဟု JICA မြန်မာရုံးမှ ကိုယ်စားလှယ်ချုပ်ဖြစ်သော

Mr. Sakakura Noriji မှ ဆိုပါသည်။ "ဤစီမံကိန်းများသည် COVID19 အလွန်တွင် သာယာဝပြောသည့် လူ့အသိုင်းအဝိုင်းတစ်ခု ဖန်တီးရန်အတွက် အုတ်မြစ်ချပေးနိုင်မည်ဟု မျှော်မှန်းထားပါသည်"

စည်းကမ်းနှင့် ကန့်သတ်ချက်များ

| **စီမံကိန်း** | **ပမာဏ (ယန်းသန်းပေါင်း)** | **နှစ်စဉ် အတိုးနှုန်း (%)** | **ပြန်ဆပ်ရမည့် အချိန်ကာလ (နှစ်)** | **ဆိုင်းငံ့ကာလ (နှစ်)** | **ပစ္စည်းနှင့် ဝန်ဆောင်မှုများ ရှာဖွေ ရယူခြင်း** |
|---|---|---|---|---|---|
| အရှေ့-အနောက် စီးပွားရေးစင်္ကြန် အဝေးပြေးလမ်း တည်ဆောက်မှုစီမံကိန်း (ပဲခူး-ကျိုက်ထို အဝေးပြေးလမ်းပိုင်းသစ်) | ၂၇,၇၇၉ | ၀.၀၁ | ၄၀ | ၁၀ | ချုပ်နှောင်ချက် မရှိ |
| အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (တတိယအဆင့်) | ၁၅,၀၀၀ | ၀.၀၁ | ၄၀ | ၁၀ | ချုပ်နှောင်ချက် မရှိ |

ကြိုတင်ခန့်မှန်းချက်များအလိုက် အကဲဖြတ်ချက်

- အရှေ့-အနောက် စီးပွားရေးစင်္ကြန်—အဝေးပြေးလမ်း တည်ဆောက်မှုစီမံကိန်း (ပဲခူး-ကျိုက်ထို အဝေးပြေးလမ်းပိုင်းသစ်)
- အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (တတိယအဆင့်)